လင်္ကာဒီပ စာအုပ်တိုက်

# ချစ်ဦးညို

## ဘုရင့်ကချေသည်နှင့် ရာဇဝင်ဝတ္ထုရှည်များ



ဒုတိယအကြိမ်

# ဘုရင့်ကချေသည်

ရင်ထဲတွင် ရုန်းကြွပေါက်ကွဲလာသော ဒေါသတို့ ကို လက်ထဲမှ ကြာပွတ်ဆီသို့ ပို့ပေးလိုက်သည် ။ ထိုအခါ ကြာပွတ်သံ တရွှမ်းရွှမ်းနှင့်အတူ အဆက်မပြတ် လူပ်ယမ်းတွန့်လိမ်သွားသော ကြာပွတ်သံ သားရေကြိုးသည် မြင်းဖြူကြီး၏ ကျောပေါ်ဇက်ပိုးပေါ် တင်ပါးပေါ်သို့ ပြင်းထန်စွာ ကျရောက်နေကြလေသည် ။

မြင်းဖြူကြီးမှာ ‘သခင်မ သသိလေခါ’ ဘာကြောင့် သည် ညသည် မှ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသည် ကို စဉ်းစားချိန်မရ။ တရွှမ်းရွှမ်း ကြာပွတ်သံအောက် တဖျည်းဖျည်း ကျိန်းစပ်နာကျင်ရလေသည့် သားရေကြိုး၏ ကြမ်းရှသော အထိအခိုက်အောက်တွင် ထိတ်လန့်စွာ တဟုန်ထိုး ကဆုန်စိုင်းရတော့သည် ။ ညဥ့်အမှောင်ထဲတွင် အမွှရတောအုပ်၏ သရက်ပင်တန်းများ တရိပ်ရိပ် ကျန်ရစ်ခဲ့သည် ။ အထက်သို့ မြှောက်ချီ ဝှေ့ယမ်းလိုက်သော ကြာပွတ်ကြိုးနှင့် ရိုက်ခတ်ကာ သရက်ရွက်များ တဖွားဖွား လွင့်ကျလာတတ်သည် ။ ရထား၏ အဟုန်ကြောင့် အခက်ချင်းယှက် ထိစပ်နေကြသော သရက်ပင်ကြီးများ ထံမှ တရှဲရှဲ တဟဲဟဲ အသံများ လည်း ပေါ်လာနေကြသည် ။

ကြာပွတ်သံ၊ မြင်းခွာသံ၊ ရထားဘီးနှင့် မြေစိုင်ခဲတို့ တိုက်ခိုက်ကြိတ်ချေသံ၊ သရက်ပင်အုပ်ထံမှ တဟဲဟဲမြည်သံ။

ညဥ့်သည် တိတ်ဆိတ်ငြိမ်ဝပ်စွာ အိပ်မောကျနေရမည့်အစား ဆန့်ကျင်သော အနေအထားမျိုးဖြင့် ဆူညံလှုပ်ရှားနေလေသည် ။ သရက်ပင်အုပ်များ အကြားမှ ချည့်နဲ့ စွာစီးကျနေသော လရောင်အစက်အပြောက်များ အောက်တွင် ကား . . .

တလူလူလွင့်သော ဆံပင်၊ ဝတ်ရုံ ပဝါစတို့ ကို သော်မှ မသိမ်းဆည်းနိုင်သော-

"ကချေသည် သသိလေခါ"

* * *

"အစော်ကား ခံလိုက်ရလေခြင်း၊ အစော်ကားခံလိုက်ရလေခြင်း"

သသိလေခါအတွက် အသံအားလုံးတို့ သည် ယင်းသို့ပင် တသံတည်း ဆူညံကျယ်လောင်စွာ ထွက်ပေါ်နေသည် ။ မာနကို ပုတ်ခတ်ခံရမှု၊ အလှကို လျစ်လျူရှုခံလိုက်ရမှု၊ နှလုံးသားကို ဥပေက္ခာအပြုခံလိုက်ရမှု။

ဝေဒနာတကာတို့ ထက် ဆိုးရွားသော ဝေဒနာ။

မာနအညွန့် ကျိုးခဲ့ရပြီ။ အလှ၏ ပွင့်ချပ်တို့ ကြွေမွခဲ့ရပြီ။ နှလုံးသား၏ ဝတ်မှုန်တို့ လွင့်ပြယ်ခဲ့ရပြီ။

ဆုံးရှုံးမှုကို တစ်ခါမှ မတွေ့ကြုံဖူးသော သသိလေခါအဖို့ သည် တစ်ခါနှင့်ပင် ကြီးစွာသော ဆုံးရှုံးမှုကို အလုံးအရင်းနှင့် ရင်ဆိုင်လိုက်ရလေသည် ။

အနှစ်နှစ်ဆယ်မျှသော ဘဝသက်တမ်းကာလ၏ အပိုင်းအခြားများ

ကို သသိလေခါ ဖြောင့်တန်းစွာ သတိရနေသည် ။

အမိသည် မဂဓတိုင်းထဲမှ ခတ္တိယအနွယ်ဝင်တစ်ဦး။ မဂဓ အိမ်ရှေ့စံက အမိကို ကောက်ယူခဲ့သည် ။ သို့သော် အထောက်အထား မခိုင်လုံသော မင်းပြစ်တစ်ခုသင့်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည် ။ မထင်မရှား ဘဝမှာ ပင် သသိလေခါကို ဖွားမြင်ခဲ့သည် ။ အမိ၏ ကျွမ်းကျင်သော အုပ်ထိန်းမှုအောက်တွင် သသိလေခါ ကြီးပြင်းခဲ့ရသည် ။ အရွယ်ရောက်သော် ထင်ရှားသော ကချေသည် ကြီးထံ အပ်နှံခဲ့သည် ။ ကချေသည် ကြီးထံတွင် သသိလေခါ နာဋ္ဌသျှတ္တရကို သင်ယူခဲ့သည် ။ တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် သသိလေခါ ကခုန်မှုပညာ၌ ကုံလုံခဲ့ပြီ။ တစ်ဆယ့်ရှစ်နှစ်တွင် သီဆိုခြင်းနှင့် တီးမှုတ်ခြင်း ပညာ၌ နှံ့စပ်ခဲ့ပြီ။ အသက်နှစ်ဆယ်တွင် ကား . . . သသိလေခါသည် 'ဝိနောဓ'ဘုရင်၏ နန်းတော်သို့ ရောက်ခဲ့ပြီး အခြားမဲ့၌ တုဘက်ကင်းသော ဘုရင့်ကချေသည် ဖြစ်ခဲ့သည် ။

'လောက၌ မိန်းမပျိုအားလုံးတို့ လိုချင်တပ်မက်ကြကုန်သော ဘဝသည် အဘယ်သို့သော ဘဝနည်း'ဆိုသော အမေးအတွက် အဖြေမှာ သသိလေခါ ရရှိပိုင်ဆိုင်ထားသော ဘဝဟု ဆိုရမည်။

အလှ၊ စည်းစိမ်၊ အာဏာ . . .။

စံအိမ်တော်ကျေးကျွန် အထိန်းအယများ ၊ ရထား၊ လှည်း၊ ရွှေ၊ ငွေ၊ ရတနာ၊ အချုပ်အချယ်မဲ့ နေထိုင်မှု၊ ထို့အပြင် ဝိနောဓဘုရင်၏ တစ်ဦးတည်းသော လက်စွဲကချေသည် ။

သသိလေခါဘဝတွင် 'ဘာလိုချင်သေးသည် 'ဟု ပင် မတွေးတတ်သည် အထိ ပြည့်စုံကုံလုံခဲ့သည် ။

သည် အထဲတွင် မြင့်မြတ်သော အမျိုးအနွယ်မှ ဆင်းသက်ခဲ့သည် ဟု

သိရသောအခါ ဝိနောဓဘုရင်ကိုယ်တိုင်က သသိလေခါအား အခြားတစ်ပါးသော မိဖုရားတို့ ကို ကျော်လွန်လျက် တောင်နန်းစံအဖြစ် ချီးမြှင့်လိုသည် အထိ သသိလေခါအပေါ် မြတ်နိုးတိမ်းညွတ်လာခဲ့သည် ။

မိဖုရားခေါင်ကြီး ဘဝသည် လည်း လက်တစ်ကမ်းအကွာမှာ သာ ရှိတော့သည် ။ သိလေခါ ခေါင်းတစ်ချက်ညိတ်လိုက်လျှင် အကြွင်းမဲ့ ပြည့်စုံမှုကို ရရှိနိုင်တော့မည်။

သည် မျှလောက် အခြေမြင့်မား တင့်တယ်စွာ ရှိနေလေသော ဘဝကိုမှ ထိခိုက်ပုတ်ခတ် စော်ကားခံခဲ့ရလေခြင်း။

ရထားသည် အမ္ဗရတောအုပ်ကို လွန်ခဲ့ပြီ။ ဒက္ခိဏာ နိဂုံးအစပ်သို့ ရောက်လာသည် ။ ဆင်ခြေလျှောတောင်ကမူများ ပေါ်တွင် တစ်တောင်ဆင်း တစ်တောင်တက် တရိပ်ရိပ်ပြေးဆဲ။ ကြာပွတ်သံသည် လည်း အဆက်မပြတ် ထွက်ပေါ်နေဆဲ၊ ဆံစနှင့် ဝတ်ရုံပဝါတို့ သည် လည်း လေတွင် တဖျပ်ဖျပ် ကစဉ့်ကလျား လွင့်နေဆဲ။

သသိလေခါ၏ အတွေးသည် ရထားထက် ပို၍ မြန်သည် ။

* * *

ကချေသည် ကုဏ္ဍလကေသာ၏ အလှည့်ပြီးဆုံးသွားသည် ။ ကုဏ္ဍလကေသာသည် ချူတပ်ဖုံပြားလေးကို ရင်တွင် အပ်လျက် ဘုရင့်ရှေ့တွင် ကိုယ်ကိုကိုင်းညွတ် ခစားလိုက်သည် ။ ဘုရင်ကပြုံးလျှက် ပုလဲလည်ဆွဲတစ်ကုံးကို ချီးမြှင့်လိုက်သည် ။

သသိလေခါ၏ အလှည့်။

'မိုးဦးအခါတွင် ပန်းပွင့်လေးများ ဖူးငုံပွင့်အာခြင်း'ဟု သူကိုယ်တိုင် အမည်ပေးထားသော အကကို သသိလေခါ တင်ဆက်လိုက်သည် ။ တူရိယာများအားလုံး ရပ်ဆိုင်းထားကြ။ မည်သည့်ကြိုးတစ်ချောင်း ပလွေတစ်ပေါက်မျှ မလှုပ်ရှားစေရ။ နန်းတွင်းတူရိယာသမားတို့ ကို အနားယူစေလိုက်သည် ။

ကပွဲဆောင်၏ စက်ဝိုင်းပုံစံ ကွက်လပ်အလယ်သို့ သသိလေခါ ဝင်ရပ်လိုက်ချိန်တွင် ခန်းမတစ်ခုလုံး တိတ်သွားသည် ။ သသိလေခါက ဘုရင်ကို ဦးညွတ်ခစားလိုက်ပြီးနောက် ပရိသတ်ကို ရွှန်းမြစွာ ပြုံးကြည့်သည် ။ လက်ထဲတွင် ပါးလွှာသော သားရေဖြင့် ကြက်ထားသည့် ဗုံငယ်လေးတစ်ခု။

မည်သည့်တူရိယာ၏ အကူအညီကိုမျှ မယူဘဲ သသိလေခါသည် လက်ထဲမှ ဗုံကိုကိုယ်တိုင်တီးခတ်ကာ 'မိုးဦးအခါတွင် ပန်းပွင့်များ ဖူးငုံပွင့်အာခြင်း'အကကို ကလိုက်သည် ။

ခြောက်သွေ့နွမ်းရိနေသော အပင်ငယ်များ ၊ လေပြင်းနှင့်အတူ ပါလာသော မိုးသက်ရနံ့၊ မိုးသားတိမ်လိပ်တို့ ရွေ့လျားလာကြခြင်း၊ မိုးထစ်ချုန်းသံ၊ မိုးပေါက်တို့ တဖွဲဖွဲကျလာပုံ၊ ပန်းပင်ငယ်တို့ လန်းဆန်းလာကြပုံ၊ မိုးစက်များကိုခံယူရင်း ကောင်းချီးပေးကြပုံ၊ သည့်နောက် အဖူးအငုံဘဝမှ သည် ရွက်ချပ်ရွက်လွှာများ တဖြည်းဖြည်း ပွင့်အာလာကြပုံ၊ ပန်းပွင့်တို့ ၏ အလှ။

သသိလေခါသည် လှပစွာ ကပြ လိုက်လေသည် ။

ကကွက်၏ နောက်ဆုံးလှုပ်ရှားမှု ပြီးသွားချိန်တွင် သဘင်သည် ထူးခြားစွာ တိတ်ဆိတ်နေသည် ။ ထိုနောက်မှ လက်ခုပ်သြဘာသံများသည် တခဲနက် ပြုဆင်းလာခဲ့လေသည် ။

"ကချေသည် သသိလေခါဟာ တိုင်းပြည်မှာ ပထမကချေသည် အဖြစ်ကို ရရှိသွားပြီ"

ဝိနောခဘုရင်ကိုယ်တိုင် နေရာမှ ထကာ ကြွေးကြော်ခဲ့သည် ။

ကချေသည် ကုဏ္ဍလကေသာကား ပရိသတ်ကြားတွင် တိုးဝင်ပျောက်ကွယ် သွားခဲ့ပေပြီ။ 'ပထမကချေသည် ' ဘွဲ့ထူး၏ အထိမ်းအမှတ်ဖြစ်သော ရတနာပန်းကုံးကို ဘုရင့်ထံမှ လက်ခံရယူနေချိန်ဝယ် ဝိနောခဘုရင်က–

"သသိလေခါ မင်းဟာ တုဘက်ကင်းတဲ့ နတ်မိမယ်ပဲ"ဟု ပြောခဲ့သည် ။

ထိုအချိန်မှ စ၍ သသိလေခါ၏ အကနှင့်အလှကို ထာဝရပိုင်ဆိုင်လိုကြသော ခတ္တိယအနွယ်ဝင် ယောကျ်ားများ သည် စံအိမ်တော်တွင် ဝင်ထွက်မစဲ ရှိခဲ့ချေသည် ။

သို့သော် သသိလေခါ နှလုံးအိမ်တံခါးကို အလုံအခြုံ ပိတ်ဆို့ခဲ့သည် ။ ဝိနောခဘုရင်ကိုယ်တိုင်ကိုသော်မှ နှလုံးအိမ်တံခါး၏ အပြင်တွင် သာ နေရာတစ်နေရာ ရစေခဲ့သည် ။ သသိလေခါ၏ အလှနှင့်အကသည် ယောကျ်ားတစ်ယောက်ထံ အပ်နှံပေးဆပ်ဖို့ မဟုတ်။ သည် လောကတွင် သသိလေခါ၏ အလှနှင့်အကကို ထိုက်တန်စွာ ပိုင်ဆိုင်အပ်သော ယောကျ်ားဟူ၍ မရှိစကောင်း။

အလှ၊ အနုပညာနှင့် မွန်မြတ်သော အပျိုစင်ဘဝဂုဏ်၏ တံခွန်သည် မြင့်မားစွာ တလူလူ ဝင်ခဲ့လေသည် ။

သို့သော် . . .

မြင့်မားစွာသော ထိုနေရာမှာ ပင် ဂုဏ်မာန တံခွန်သည် တစ်စုံတစ်ခု

နှင့် ထိခတ်တွယ်ငြိသွားသည် ။ သသိလေခါ၏ တံခွန်စသည် အထက်ဆီတွင် တစ်ခုခုနှင့် ငြိသွားပြီးနောက် ရပ်တန့်သွားသည် ။ ပို၍ မြင့်မားသော အထက်သို့ ဆက်မတက်တော့ . . .

ထိုတစ်စုံတစ်ခုကား . . .

'ကောဏ္ဍညာယန'ဟူသော အမည်တစ်ခု။

အမည်၏ ပိုင်ရှင်ကား ဘိက္ခုရဟန်း တစ်ပါးပင်တည်း။

* * *

ဆင်ခြေလျှောကုန်းပြင်များ ၊ ကုန်ဆုံးသွားသောအခါ မြက်ခင်းလွင်ပြင်သို့ ရောက် လာလေသည် ။ ဆုံးစမဲ့ ကောင်းကင်သည် အထက်ဆီတွင် အပြောကျယ်စွာ အုပ်မိုးဖြန့်ကျက်နေသည် ။

ဘာကြောင့်မှန်းမသိ။ သသိလေခါ၏ ကြာပွတ်သံ ကျိုးကျဲစွာသာ ပေါ်လာတော့သည် ။ မြင်းဖြူကြီးသည် နာကျင်မှု လျော့ပါးသွားသည်ကို ဝမ်းမြောက်စွာ နားလည်လိုက်သည် ။

ဇက်ကြိုးစကို သသိလေခါ အမေ့မေ့အလျော့လျော့ ကိုင်ထားသည် ။ ရထားက ရှေ့သို့အရှိန်ပြင်းပြင်း ရွေ့လျားနေသော်လည်း သသိလေခါ၏ အတွေးများ မူကား နောက်ဆီသို့သာ ပြေးသွားကြလေသည် ။

* * *

"ဘုရင်မင်းမြတ် ရောက်လာနိုင်ဦးမှာ မဟုတ်သေးဘူး သသိလေခါ၊ ဒီနေ့ သူနောက်ကျဖို့ များ တယ်၊ နောက်ကျရုံတင် မကဘူး၊ လုံးဝမလာဖြစ်ဖို့ များ တယ်"

နန်းတွင်းဂီတအဖွဲ့ကို အုပ်ချုပ်သော သဘင်ဝန် ဇယသီရိက ပြောသည် ။

သုံးရက်တစ်ကြိမ် သသိလေခါနန်းတော်သို့ ဝင်ရသည် ။ နန်းတော်၏ ဂီတဆောင်တွင် ဘုရင့်နန်းတွင်း ဂီတအဖွဲ့ကို သသိလေခါက လိုအပ်သော တေးချင်းများ သင်ကြားပေးရသည် ။ သသိလေခါ သင်ကြားပို့ချချိန်တိုင်း ဝိနောဓဘုရင် အစအဆုံး လာကြည့်စမြဲ။ ထို့နောက် ဘုရင့်အဆောင်သို့ သသိလေခါ လိုက်ပါသွားရပြီး တေးတစ်ပုဒ် သီဆိုဆက်သွင်းရစမြဲ။ ပထမကချေသည် ဖြစ်သည့်နေ့ကစ၍ သသိလေခါ တာဝန်ယူရသောအလုပ်၊ ဘုရင့်အမှုတော်။

ယခုမူ . . .

"နေစမ်းပါဦး ဇယသီရိ၊ ဘုရင်မင်းမြတ်က ဘာကြောင့် ဒီနေ့မလာရမှာ တဲ့ လဲ"

"ပုဂ္ဂိုလ်မြတ်တစ်ပါး ရောက်လာလို့ တဲ့ ၊ သသိလေခါ"

"ဘယ်လို . . ."

"ဘုရင်မင်းမြတ်ရဲ့ ပင့်ဖိတ်မှုအရ နန်းတော်ထဲကို ပုဂ္ဂိုလ်မြတ်တစ်ပါး ရောက်လာတယ်၊ ဒီအတိုင်း ဆိုရင်တော့ ဘုရင်ဝိနောဓဟာ သူ့အဆောင်မှာ ပဲ တစ်နေ့လုံး အချိန်ကုန်မှာ သေချာတယ် သသိလေခါ"

သဘင်ဝန် ဇယသီရိ၏ စကားမှန်သည် ။ ဂီတသင်တန်း ပြီးဆုံးသည်

အထိ ဝိနောဓဘုရင် ရောက်မလာ။ မိမိ၏ အလှ၌ တစိုက်မတ်မတ်၊ တမ်းတမ်းစွဲဖြစ်နေသော သုံးရက်တစ်ခါ ဂီတသင်တန်းသို့ မလာရမနေနိုင်ဖြစ်ခဲ့သော သင်တန်းစဖွင့်သည့်နေ့မှ စ၍ တစ်နေ့တစ်ရက် မပျက်မယွင်းလာခဲ့သော ဝိနောဓဘုရင် အဘယ်သို့ ဖြစ်လေသနည်း။ ဘုရင်၏ပျက်ကွက်မှုကို ဖန်တီးသည့် 'ပုဂ္ဂိုလ်မြတ်တစ်ပါး'ဆိုသူကား အဘယ်သူနည်း၊ အဘယ်ကနည်း၊ အဘယ်သို့နည်း။

သသိလေခါသည် သင်တန်းပြီးလျှင်ပြီးချင်း ကျေးကျွန်များ အားလုံးကို စံအိမ်သို့ပြန်စေကာ ဘုရင့်အဆောင်တော်သို့ တစ်ကိုယ်တည်း အရောက်သွားခဲ့သည် ။

အချိန်မှာ နေဝင်ဖြိုးဖျ။ ချုပ်ညရီ။

ပထမကချေသည် သသိလေခါကို တံခါးမှူး၊ အဆောင်တော်ဝန်၊ အိမ်ဖန်စောင်တို့ စစ်ဆေးတားဆီးပိုင်ခွင့် မရှိ။ သသိလေခါ အတွင်းဆောင်ထဲအထိ ဝင်သွားခဲ့သည် ။ ဝိနောဓဘုရင် မရှိ။

သူ့မိဖုရား တစ်ပါးနှင့်မျှလည်း မတွေ့။ အိမ်ဖန်စောင့်တစ်ဦးက 'နန်းတော် နန်းဦးဆောင်ထဲမှာ 'ဟု ဆိုသည် ။ သသိလေခါ နန်းဦးဆောင်သို့ ဆက်လိုက်သည် ။

ဘုရင်၏ ညဥ့်ဦးယံ ညီလာခံကော ဘယ်သို့ရောက်နေသနည်း။ နေပြည်တော်ရှိ ထိပ်တန်းမှူးမတ်များ သေနာပတိများကော ဘယ်မှာရှိနေကြသနည်း။ နန်းဦးဆောင်သို့ သွားရာစင်္ကြံလမ်းရှိ မီးတိုင်များကို တစ်ခုပြီးတစ်ခု ဖြတ်လျှောက်ရင်း သသိလေခါ တွေးမိသည် ။ နန်းတော်တစ်ခုလုံး ခြောက်သွေ့တိတ်ဆိတ်နေသည် ။ စင်္ကြံထောင့်များ တွင် သာအစောင့်စစ်သည် တစ်ယောက်စ နှစ်ယောက်စကိုသာ မှိန်ပျပျမီးရောင်တွင် တွေ့ရသည် ။

သသိလေခါ ရင်ထဲမှာ လှုပ်ရှားစပြုလေသည်။

နန်းဆောင်တံခါးဝသို့ရောက်သည်၊ လုံ့ရှည်ကိုင် စစ်သည် နှစ်ဦးက သသိလေခါကို တားလိုက်ကြသည်၊ လုံ့ရှည်နှစ်ချောင်းသည် ပထမက ချေသည် ရှေ့တွင် အရုပ်ဆိုးအကျည်းတန်စွာ မထီမဲ့မြင်ရှိစွာ ကြက်ခြေခတ်လျက်သား။

"သသိလေခါလေ"

မီးရောင်ကြောင့် မည်သူမည်ဝါမှန်း အစောင့်တို့ မသဲမကွဲ ရှိကြလေသလားဟု တွေးမိပြီး ကိုယ်တိုင်ဖြစ်ကြောင်း ပြောလိုက်သည်။

"ခဏစောင့်ပါ ကချေသည်၊ ဘုရင်မင်းမြတ်ဆီ သံတော်ဦးတင် အခွင့်တောင်းလိုက်ပါဦးမယ်"

" မဟုတ်ဘူး လေ ..."

"ခဏစောင့်ပါ ကချေသည် "

ရင်ထဲမှာ မျက်ကနဲ ဖြစ်သွားသည်။ ခန္ဓာကိုယ်သည် လည်း တောင့်တင်းတင်း ဖြစ်သွားသည် ကို သိလိုက်သည်။ နန်းဦးဆောင် တံခါးဝတွင် သည် ညအဖို့ မည်သူ့ကိုမဆို အစေ့အစပ် ဆော်ဖန်စစ်ဆေးရမည်ဟူသော အမိန့်ထုတ်ထားကြောင်း ထင်ရှားပေပြီ။ မည်သူ့ကိုမဆို . . .။ သို့သော် . . . သည် ‘မည်သူ့ကိုမဆို’ထဲမှာ တိုင်းပြည်၏ ပထမကချေသည်ကိုပါ ထည့်သွင်းထားသည် တဲ့ လား။ ပထမ ကချေသည် ဘွဲ့ရ သသိလေခါ အမည်ရှိ မိမိသည် ဘုရင်၏ အများ နှင့်သက်ဆိုင်သော အမိန့်တစ်ခုခုထဲမှာ သူတကာတွေနှင့်ရောလျက် အကျုံးဝင်သွားရမည်တဲ့လား။

"ဘုရင်မင်းမြတ်က အတွင်းဝင်ဖို့ ခွင့်ပြုလိုက်ပါတယ် ကချေသည် "

ပခုံးစွန်းထက်မှ ပြေလျော့ကျနေသော ခြုံထည်ပဝါကိုပင် ပြန်မသိမ်းမိဟု ထင်သည် ။ သသိလေခါ အလျှင်စလို ဝင်ခဲ့သည် ။

နန်းဦးဆောင်အတွင်းတွင် သင့်တင့်မျှတသော မီးရောင်ရှိနေသည် ။ သို့သော် အမှောင်ရိပ်ကို ဖြတ်ခဲ့ရသဖြင့် မဆိုသလောက် မီးရောင်သည် သသိလေခါ မျက်စိကို ကျိန်းစပ်နေစေသည် ။ ရုတ်တရက် သဲသဲကွဲကွဲမမြင်ရ။ အသံတစ်သံသာ ကြားရသည် ။

"ကချေသည် ဒီမှာ ထိုင်လေ၊ ဘုရင်မင်းမြတ်က မင်းအတွက်နေရာ သတ်မှတ်ပေးလိုက်တယ်"

အမတ်ချုပ်ကြီး၏ အသံညွှန်ပြသော ကတ္တီပါဖုံးပေါ်သို့ အမှုမဲ့ပင် ထိုင်လိုက်သည် ။ ထိုင်နေရာမှ ခေါင်းမော်၍ ရှေ့ဆီသို့ကြည့်သည် ။ မျက်လုံးများ ကျင့်သားရသွားပြီ။

ပထမဦးစွာ နန်းတော်၏ ညှဉ့်ဦးယံ ညီလာခံသဘင်ကိုတက်သည့် မှူးမတ်ကြီးများကို တွေ့ရသည် ။ ရှေ့ဘက်နေရာတွင် ကား ဝိနောဓဘုရင်၏ နန်းဆောင်ရ မိဖုရားကြီးသုံးပါး။ ထို့နောက် ဝိနောဓဘုရင် အစဉ်အတိုင်း။

အားလုံးသည် သသိလေခါကို ကျောပေးလျက်ရှိကြကာ တစ်ဘက်ဆီသို့ မျက်နှာမူနေကြသည် ။ ဘုရင်သည် မဆိုစလောက်သာ ပိုမြင့်သောဖုံပေါ်တွင် ဒူးတုပ်ထိုင်နေသည် ။ ထူးထူးဆန်းဆန်း။ ဝိနောဓဘုရင်က သူ့မိဖုရား၊ သေနာပတိ၊ မှူးမတ်တွေနှင့် တပြေးတည်းထိုင်ရင်း ဒူးတုပ်နေသည့် မြင်ကွင်း။

ဝိနောဓဘုရင်ရှေ့တွင် ကား မြင့်မြတ်သောသလွန်။

သလွန်ထက်တွင် ဖြူလွသော ကတ္တီပါခင်းတစ်ခု။

ကတ္တီပါခင်းပေါ်တွင် တစ်စုံတစ်ယောက် ထိုင်နေသည် ။ ဘုရင့်အထက်နေရာက သလွန်တွင် ဝိနောဓဘုရင် မဟုတ်သော တစ်စုံတစ်ယောက် ထိုင်နေသည် ။

အလွန်အမင်း အံ့ဩခြင်းများ ဖြင့် ထိုသူအား သဲသဲကွဲကွဲမြင်ရအောင် သသိလေခါ လည်ကိုဝင့်၍ လှမ်းကြည့်လိုက်သည် ။ ဝိနောဓဘုရင်နှင့်တကွသော ပုဂ္ဂိုလ်ကြီးများအားလုံးကို ကြမ်းပြင်ပေါ်တွင် ဒူးတုပ်ထိုင်စေသည့် ထိုသူကား အဘယ်သူနည်း။ သည် မှာ ပင် –

ဘိက္ခုကောဏ္ဍညာယနကို ပထမဦးဆုံးအကြိမ်အဖြစ် တွေ့မြင်လိုက်ခြင်းပင်တည်း။

* * *

ရှင်းသန့်သော နုပျိုခြင်းသည် ဘိက္ခုကောဏ္ဍညာယန၏ တစ်ကိုယ်လုံးဆီမှ နေ၍ အရောင်တဖျပ်ဖျပ် ကွန့်မြူးနေသလားဟု ထင်ရသည် ။

ရတနာအသွယ်သွယ် စီခြယ်အပ်သော မကိုဋ်ကို ဆောင်းထားသည့် ဝိနောဓဘုရင်၏ ဦးခေါင်းသည် ဘိက္ခုကောဏ္ဍညာယန၏ အဆင်းတန်ဆာမဲ့ ဦးပြည်းစိမ်းအောက်တွင် အရောင်အဆင်း မှေးမှိန်နေသည် ။ ခန့်ညားထည်ဝါသော ကျင်စွယ်နှုတ်ခမ်းမွေးတို့ ဖြင့် အစဉ်အမြဲ ရာဇက္ကန်ဒြေအရှိန်အဝါတို့ ဖူးပွင့်နေသည့် ဝိနေဓဘုရင်မျက်နှာသည် ဘိက္ခုကောဏ္ဍညာယန၏ ဝင်းဖန်သန့်စင် မျက်နှာပြင်နှင့် နှိုင်းယှဉ်လိုက်သောအခါ ရင့်ရော်ခက်ထန်သွားသည် ။ ရွှေနန်းခတ် ကိုယ်ကြပ်၊ ကြက်သွေးရဲရဲ ဝတ်ရုံတို့ ဖြင့် ပြိုးပြိုးပြက် သိုက်မြိုက်ခမ်းနားသော ဘုရင့်ဝတ်စုံသည် ဘိက္ခုကောဏ္ဍညာယန၏ ဖန်ရည်စွန်းသင်္ကန်းအနားလိပ်ရှေ့တွင် အကျည်း

တန်သွားသည် ။

ပြီးတော့ ဘိက္ခု၏ လက်ဝတ်ရတနာ အလျဉ်းကင်းသော လက်ချော င်းသွယ်လျတွေ၊ ကျောက်သံပတ္တမြား စီခြယ်သည့် ပခုံးအုပ် တန်ဆာမရှိ သော လုံးဝန်းပြည့်ဖြိုးသည့် ပခုံးစွန်းတွေ။

မျက်လွှာချထားသော မျက်လုံးအစုံ။

ပိရိစေ့စပ်သော နှုတ်ခမ်းမြွာ။

သသိလေခါ ရင်ထဲမှာ သွေးတို့ ပွက်ပွက်ဆူလာကြလေသည် ။ ကြ ည့်ရင်းမှာ ပင် မြင်ချင်နေသည့် စက္ခုအာရုံ၏ တပ်မက်မွတ်သိပ်မှုတို့ သ ည် ရေတံခွန်တစ်ခုအလား တဝေါဝေါ ဖြာဆင်းကျလာကြသည် ။

နန်းဆောင်ထဲမှာ ဘိက္ခုကောဏ္ဍညာယနမှ အပ ဘာတစ်ခုမှ မရှိ တော့။ ဘယ်သူမှ မရှိတော့။ ထိုနန်းဆောင်ထဲမှ သာ မကပါလေ။ ကမ္ဘာ လောကကြီး တစ်ခုလုံးမှာ ပါ။ အရာရာသည် ဘိက္ခုကောဏ္ဍညာယန သာ ဖြစ်ချေပြီ။ တင့်တယ်စွာသော ယောကျ်ားမြတ်အဆင်းသည် သသိ လေခါ၏ ရင်တွင်းသို့ တန်ခိုးအင်အားကြီးစွာ ထိုးဖောက်ကိန်းအောင်း လာသည် ။

ထိုအခါ သသိလေခါရင်ထဲမှ တစ်စုံတစ်ခုသည် သသိလေခါမှ တစ်ပါး မည်သူမျှ မကြားနိုင်သော အသံနက်ကြီးဖြင့် မြည်ဟည်းပေါက် ကွဲသွားသည် ။ ထိုအသံသည် နှလုံးသည်းပွတ်မှ ထွက်လာသောအသံ ဖြ စ်သည် ။ ထိုအသံသည် နှလုံးအိမ်နံရံကို အဟု န်ပြင်းစွာ ချိုးဖောက်ရန်း ထွက်ကာ တစ်ကိုယ်လုံးရှိ သွေးအလျဉ်းများ ထဲသို့ တဝုန်းဝုန်း စီးဖြာသွားသည် ။

ထိုအသံသည် သသိလေခါ၏ နှုတ်ခမ်းဝသို့ ရောက်လာသည် ။

နှုတ်ခမ်းမှ တစ်ဆင့် အပြင်သို့ အသံထွက်ကျမသွားစေရန် သသိလေခါနှုတ်ခမ်းကို တင်းကျပ်စွာ ပိတ်လိုက်ရသည် ။ သည် လိုမလုပ်လျှင် အပြင်သို့အသံထွက်သွားမည်။

"အချစ် . . ."ဟူ၍ ။

နှုတ်ခမ်းလွှာတို့ က အပြင်သို့ထွက်ခွင့်မပေးသောကြောင့် ထိုအသံရင်ထဲသို့ ပြန်လည်တွန်းထိုး ဝင်ရောက်သွားကာ သသိလေခါ ရင်ထဲမှာ ဆူညံမြည်ဟီးသွားတော့သည် ။

"အချစ်၊ အချစ် . . . ဟုတ်တယ်၊ ရှင့်ကို ကျွန်မ ချစ်မိပြီ။ သခင့်ကို ကျွန်မချစ်မိပြီ။ ရှင်ဟာ ဘိက္ခုတစ်ပါးတဲ့ လား။ အို– ဘာပဲဖြစ်ဖြစ် ကျွန်မအတွက်တော့ ရှင်က ဟောဒီဇမ္ဗူဒိတ်မှာ ကျက်သရေအရှိဆုံး၊ အချောဆုံး၊ အလှဆုံး ယောက်ျားပဲ၊ ရှင့်အသားအရေတွေဟာလေ တစ်ကမ္ဘာလုံးက ယောက်ျားတွေရဲ့ နူးညံ့ချောမွေ့မှုတွေ အားလုံးကို ပေါင်းထားတာထက် ပိုပြီး နူးညံ့ချောမွေ့နေကြတယ်။ ရှင့်ရဲ့ မျက်နှာပြင်ဟာလေ ချွတ်ယွင်းချက်ဆိုလို့ မြူတစ်မှုန်မျှ မရှိတဲ့ မျက်နှာပြင်။ တင်းတင်းစေ့ထားတဲ့ ရှင့်နှုတ်ခမ်းတွေဟာလဲ ကျွန်မတွေ့ဖူးသမျှ ပန်းပွင့်ချပ်လွှာတွေထက် အဆပေါင်းများ စွာလှပတယ်။ အိုသခင်ရယ်၊ ဘာကြောင့်များ မျက်လွှာချထားရတာလဲ။ မျက်လွှာဖွင့်လိုက်စမ်းပါရှင်ရယ်။ ကော့ပျံ့တဲ့ ရှင့်မျက်တောင်ရှည်ကြီးတွေကို အသာအယာ လှုပ်ရှားပြီး ညို့ဓာတ်အားကြီးနေကြမယ့် ရှင့်မျက်လုံးတွေကို ကျွန်မမြင်ရအောင် ဖွင့်ပြပါတော့လား။ ပြီးတော့အဲဒီမျက်လုံးကြီးတွေနဲ့ ကျွန်မကိုတဒင်္ဂဖြစ်ဖြစ် လှမ်းကြည့်လိုက်ပါတော့လား၊ ပြီးတော့ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းတွေလဲ ကျွန်မအတွက် ယောင်ယောင်လေးဖြစ်ဖြစ် ပြုံးပြလိုက်ပါလား။ သခင့်အလှကို ဟောဒီကကချေသည် ကြည့်မြင်ရတာအားမရ မ

တင်းတိမ်နိုင်လွန်းလို့ ပါ"

တစ်ကိုယ်လုံးရှိ သွေးကြောများ ထဲတွင် အဆက်မပြတ် အော်မြည်နေကြသည့် အသံများက ပဲ့တင်ဟီးနေကြသည်။

"သခင်ရယ်၊ ကျွန်မဟာ ဟောဒီတိုင်းပြည်မှာ တုဘက်ကင်းတဲ့ အလှပိုင်ရှင် ကချေသည် ပါ၊ ကျွန်မဘေးမှာ လေ ဝိနေ့ာခဘုရင်ကအစ နန်းတော်ထဲက စစ်သူကြီးတွေ၊ သေနာပတိတွေ၊ မှူးမတ်သူကောင်းတွေဟာ ဝိုင်းဝိုင်းလည်လို့ ပါ၊ ဒါပေမဲ့ ကျွန်မလေ သူတို့ အားလုံးကို ကျောခိုင်းပြီး သခင့်တစ်ယောက်ရှေ့မှာ မျက်နှာမူဒူးတုပ်လိုက်ပါ့မယ်၊ သခင့်အလှကျက်သရေ ရှေ့မှောက်မှာ သသိလေခါ ဝပ်ဆင်းလိုက်ပါမယ်။ အို . . . သခင်ရယ်၊ စကားပွင့်လို ဖြူဝါတဲ့ အသား၊ ကျောက်သလင်းလို တောက်ပနေတဲ့ မဟာနဖူး၊ ညိုပြာနက်မှောင် ကောင်းကင်ပြာဆီက ကြယ်တာရာလို ဝင်းလက်နေမယ့်မျက်လုံးတွေ၊ သွယ်တန်းတဲ့ နှာတံ၊ နီရဲနေတဲ့ နှုတ်ခမ်း . . . ဒီအလှကျက်သရေတွေ အပေါ်မှာ ခြုံလွှမ်းထားတဲ့ နက်နဲတည်ကြည်သောဣန္ဒြေ . . . . အို . . . ငါ . . . ငါ ဘာဖြစ်သွားတာလဲဟင်။ သသိလေခါ . . . နင် ဘာတွေဖြစ်သွားတာလဲ"

အခိုက်အတန့်ဝင်လာသော သတိသမ္ပဇဉ်ဖြင့် နန်းတော်ထဲသို့ လှမ်းကြည့်လိုက်သည်။

"ကြည့်စမ်း . . . ကြည့်စမ်း၊ မိဖုရားကြီးရဲ့ ရံရွေဆောင်တွေဟာ သူ့အလှကျက်သရေကို အရသာခံနေကြပါလား. . .။ အို . . . မဖြစ်ဘူး၊ မဖြစ်ဘူး၊ ရှင့်ကို ကျွန်မတစ်ယောက်ထဲကပဲ ပိုင်ဆိုင်ရမယ်။ ရှင့်အလှကျက်သရေဟာ ကျွန်မတစ်ယောက်ထဲအတွက် ဖြစ်ရမယ်။ ရှင့်ကို ကျွန်မချစ်တယ် . . . ချစ်တယ် . . . ဒါကို ရှင်သိအောင် လုပ်ရမှာ ပဲ၊ ကျွန်မလေ . . . ဟောဒီနန်းဆောင်ထဲကို ဝင်မလာခင်ရဲ့ ဟိုဘက်ကာလတွေတစ်လျှော

က်လုံးမှာ ပိုျ့ရှယ်မှု၊ စည်းစိမ်၊ ဘုရင့်ကချေသည် အဖြစ် နာမည်ကြီးမှု . . .၊ ဒါတွေကိုအရူးအမူး လိုချင်တောင့်တခဲ့တယ်၊ ဒါပေမဲ့ အခုကျွန်မ ဒါတွေကို ဘာမှ မလိုချင်တော့ဘူး၊ ဟောဒီနန်းဆောင်ထဲကို ဝင်လာခဲ့တဲ့ ခြေတစ်လှမ်းရဲ့ အရှေ့မှာ ပဲ ကျွန်မဘဝပြောင်းသွားခဲ့ပြီ၊ ရှင့်ကိုတွေ့လိုက်ရတဲ့ တဒင်္ဂရဲ့ နောက်ပိုင်းမှာ ကျွန်မရှိခဲ့သမျှ လိုအင်ဆန္ဒတွေအားလုံး ချုပ်ငြိမ်းသွားကြပြီ၊ အခုကျွန်မမှာ တစ်ခုတည်းသော ဆန္ဒပဲရှိတော့တယ်၊ အဲဒါကရှင့်အချစ် . . . သခင့်အချစ် . . ."

ထိုအခိုက်မှာ ပင် နန်းဆောင်အတွင်းရှိ ပရိသတ်သည် လှုပ်လှုပ်ရှားရှားဖြစ်သွားသည် ။ ဘုရင်ဝိနောဓနှင့်တကွ အားလုံး လက်အုပ်ချီလိုက်ကြကာ နန်းကြမ်းပြင်သို့ ဦးညွှတ်ထိကပ်လိုက်ကြခြင်း ဖြစ်သည် ။

သသိလေခါကားနေရာတွင် အစွဲအမြဲ မလှုပ်မရှေ့။

ဘိက္ခုကောဏ္ဍညာယနလည်း သလွန်ထက်မှ ထသည် ။ ချထားသောမျက်လွှာကို ဖွင့်လိုက်သည် ။ ထိုအခိုက်မှာ ပင် ပရိသတ်၏ နောက်ဘက်တွင် ထီးထီးမားမား ရှိနေသော သသိလေခါကို ဘိက္ခုကောဏ္ဍညာယန မြင်သွားလေသည် ။ ဘိက္ခုကောဏ္ဍညာယနသည် ပြကတေ့သော စက္ခုဣန္ဒြေဖြင့် သသိလေခါထံမှ အကြည့်ကိုရုပ်သိမ်းကာ နန်းဆောင်ထဲမှ ထွက်သွားလေသည် ။

သသိလေခါကား ဘိက္ခုကောဏ္ဍညာယန ထွက်ခွာပျောက်ကွယ်သွားရာဘက်သို့ ငေးမောရင်း သတိမေ့မြောနေသည့်ပမာ။

"အို . . . သသိလေခါပါလား။ သင်လဲ ဒီနေ့အနုပညာသင်တန်းကိုဖျက်ပြီး ဘိက္ခုအရှင်ကို လာဖူးမြော်တာလား၊ ကောင်းတယ်၊ ကောင်းတယ်"

ဝိနောဓဘုရင်က သသိလေခါကို တွေ့သွားပြီး နှုတ်ဆက်စကားပြော သည် ။ မိဖုရားကြီးနှင့် ရံရွေတော်များမှာ နန်းဆောင်၏ အခြားတစ်ဘ က်မုခ်မှ ထွက်သွားကြလေသည် ။

ဘုရင့်ရှေ့မှောက်တွင် ဘုရင့်ကို ဦးညွှတ်ခစားရန် သသိလေခါမေ့နေ သည် ။

"ကချေသည် ၊ သင် ဘာဖြစ်နေသလဲ၊ နေကောင်းထိုင်သာရှိဟန်မတူ ဘူး၊ မျက်နှာမှာ သွေးရောင်နဲ့ နီနေတယ်၊ အသက်ရှူသံလဲ ပြင်းနေတယ် ၊ အင်း . . . သင် သိပ်ပင်ပန်းနေဟန်တူတယ်၊ အနားယူလိုက် သသိလေ ခါ၊ အနားယူလိုက်"

ဝိနောဓဘုရင်သည် အေးဆေးစွာပြောပြီးနောက် နန်းဆောင်ထဲမှ ထွက်သွားလေသည် ။ အခြားအချိန်ဆိုလျှင် ဝိနောဓဘုရင်၏ ယင်းသို့ သောအေးဆေးလေးလံသည့် ဆက်ဆံမှုကို သသိလေခါ ကောင်းစွာသ တိထားမိပေမည်။ စင်စစ် ဝိနောဓဘုရင်သည် နေပြည်တော် တစ်ခုလုံး တွင် လိုက်လှဲနွေးထွေးစွာ ဆက်ဆံလေ့ရှိစမြဲ။ ဘုရင်မင်းမြတ်သည် မိမိ အပေါ် ချစ်ခင်စွဲလမ်းနေသည် ကို သသိလေခါ သိသည် ။ ဘုရင့်ကချေ သည် ထက်ပိုသောနေရာကို ပေးလိုနေကြောင်း သသိလေခါ ရိပ်စားမိ သည် ။ ဘုရင်မင်းမြတ်သည် မိမိအပေါ်သို့ တိမ်းညွှတ်နေကြောင်း မိဖု ရားကြီးလည်း သိနေသည် ။ သည် အဖြစ်ကို သသိလေခါသာမက နန်း တော်ထဲမှ အချို့ပုဂ္ဂိုလ်များ လည်း သိထားကြသည် ။

ယခုမူ ဘုရင်သည် သသိလေခါကို အေးဆေးစွာ နှုတ်ဆက်စကားဆို ပြီးနောက် စက်ရာဆောင် ဝင်သွားခဲ့ချေသည် ။ သို့သော် သသိလေခါသ ည် ဘုရင်၏ ထူးခြားပြောင်းလဲနေသော ဆက်ဆံမှုကို စိတ်မဝင်စားနိုင်။ ဝိနောဓဘုရင်၏ အပြောင်းအလဲသည် အရေးမကြီး။

အနီးသို့ တစ်စုံတစ်ယောက် လာရပ်သည်။

သေနာပတိ ပဇ္ဇုန္နဖြစ်လေသည်။

"ကချေသည် ဘုရင်မင်းမြတ်ဆီအခစား ဝင်မလို့ လား၊ ဒီညတော့ ဘုရင်မင်းမြတ်ဟာ ရာဇာဂုရုဘိက္ခုကောဏ္ဍညာယနရဲ့ တရားကို နာပြီး လို့ စက်ရာဆောင်ဝင်သွားပြီ၊ ဘယ်သူနဲ့ မှ အတွေ့ခံတော့မှာ မဟုတ်ဘူး ၊ ပြီးတော့ . . . ."

"ကျွန်မ ဘုရင်မင်းမြတ်နဲ့ တွေ့ပြီးပါပြီ"

"ဩော် . . . ဟုတ်လား၊ ဒါဖြင့် . . ."

"ဒီမယ် သေနာပတိ၊ ဘိက္ခုကောဏ္ဍညာယန ဘယ်မှာ သီတင်းသုံးသ လဲ"

ပဇ္ဇုန္နသည် အံ့အားသင့်သွားဟန်ဖြင့် ခေတ္တမျှ တိတ်ဆိတ်သွားပြီး . . .

"ဘိက္ခုအရှင်လား၊ နေပြည်တော်ရဲ့ အရှေ့နိဂုံး တောင်တန်းနဲ့ လွင်ပြင်တွေရဲ့ ဟိုဘက်က အမ္ဗရတောအုပ်အလွန်မှာ သီတင်းသုံးတယ်၊ အလွန်ဝေးလံတဲ့ ဒေသပေါ့၊ အရှင်က အဲဒီတောနက်ထဲမှာ တပည့်သာဝ ကတစ်ယောက်နဲ့ ကျောင်းသင်္ခမ်း စံမြန်းတယ်လေ . . . ဘာဖြစ်လို့ လဲ ကချေသည် . . ."

"ကျွန်မ စံအိမ်ကို ပြန်တော့မယ် သေနာပတိ"

သသိလေခါသည် နားမလည်နိုင်စွာ ရပ်ကျန်ရစ်ခဲ့သော သေနာပတိ ပဇ္ဇုန္နရှေ့မှ ဖြတ်ကာ နန်းဆောင်ထဲမှ ထွက်လာခဲ့လေသည်။

* * *

မဥ္စုလာက အတန်တန် တားသေးသည် ။

သို့သော် မဥ္စုလာကား ကျေးကျွန်တစ်ယောက်မျှသာ။

"သခင်ရယ်၊ သူဟာ သူတော်မြတ်တစ်ပါးပါ၊ လောကီနဲ့ လူ့ဘောင်ကနေ ရုန်းကန်ပြီး တစ်ကိုယ်တည်း တရားဓမ္မနဲ့ မွေ့လျော်နေသူပါ၊ ကျောက်တုံးကနေ ရေထွက်လာမှာ မဟုတ်ပါဘူး"ဟု ။

မဥ္စုလာကို စေ့စေ့ကြည့်ကာ ခက်ထန်စွာ ငေါက်ငမ်းပစ်ခဲ့သည် ။

"တိတ်စမ်း . . . မဥ္စုလာ၊ နင် နားမလည်ဘူး၊ ငါ့အတွက်တော့အချစ်မှာ ရဟန်းလဲမရှိဘူး၊ ဘုရင်လဲမရှိဘူး၊ ငါသူ့ကို ချစ်ခင်စွဲလမ်းနေပြီ၊ သူ့အလှကို ပိုင်ဆိုင်နိုင်ဖို့ ကလွဲပြီး လောကမှာ ဘာကိုမှ ငါမလိုချင်တော့ဘူး၊ ငါသူ့ကိုမရရအောင် ယူရလိမ့်မယ်၊ ငါ့ဘဝမှာ အရှုံးပေးခြင်း၊ လက်လွှတ်ဆုံးရှုံးခြင်းဆိုတာကို ငါနားမလည်ဘူး၊ ငါ့အလှဟာလဲ ဒူးထောက်အညံ့ခံဖို့ အတွက် ဖြစ်ပေါ်လာတာ မဟုတ်ဘူး "

"ဒါပေမဲ့ သူဟာ . . . ဘိက္ခု"

"တိတ်လိုက်စမ်း နင်ဘာမှ ထပ်မပြောနဲ့ လို့ ငါအမိန့်ပေးနေတယ်၊ သူ့ဓမ္မ၊ သူ့အကျင့်ကို ငါ့အလှ၊ ငါ့အချစ်နဲ့ ချိုးဖျက်ပစ်မယ် သွား . . . ရထားပြင်ခိုင်းလိုက်"

ရထားပေါ်တက်အပြီး မြင်းဇက်ကိုကိုင်လိုက်ပြီးနောက် မဥ္စုလာကို စကားတစ်ခွန်း ပြောခဲ့သေးသည် ။

"ရူပါရုံမြားချက်ဆိုတာ  လောကမှာ အဆိပ်အပြင်းဆုံးပဲ သိလားမဥ္စုလာ"

အေးမြသော ညဝတ်ရုံအောက်ဝယ် သသိလေခါ တစ်ကိုယ်လုံးပူ

လောင်နေလေသည် ။

* * *